# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
# ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၅)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းသို့ တက်ရောက်ပညာသင်ကြားခွင့်ရရှိရန်အတွက် (၁) ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာကို Grade A ဖြင့် အောင်မြင်သူများ၊ (၂) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS–1 ဖြင့် အောင်မြင်သူများနှင့် (၃) General Certificate of Education Advanced Level (GCE ‘A’ Level) နှင့် International Baccalaureate IB Diploma Programme ဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ (က) တိရစ္ဆာန်ဆေးပညာဘွဲ့ (DVM) (၅)နှစ်သင်တန်းအတွက် အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။ မွေးမြူရေးပညာဘွဲ့ (BASc) (၄)နှစ်သင်တန်းအတွက် အမျိုးသားဦးရေ(၇၅)ဦးနှင့် အမျိုးသမီးဦးရေ (၇၅)ဦး စုစုပေါင်း (၁၅၀)ဦး လက်ခံမည်။ တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် မွေးမြူရေးပညာဘွဲ့အတွက် အမျိုးသားဦးရေ ၅၀% နှင့် အမျိုးသမီးဦးရေ ၅၀% လက်ခံမည်။

(ခ) အပ်နှင်းသောဘွဲ့မှာ တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine – DVM) နှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science – BASc) ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားသူသည် –

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာကို (Grade A ) ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့်ဦးရေ၏ (၇၀%)စီကို DVM သင်တန်းနှင့် BASc သင်တန်းအတွက် လက်ခံမည်။

(ဂ) ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS–1 (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာတွဲကို DVM သင်တန်းအတွက် စုစုပေါင်းရမှတ် (၄၁၀)မှတ်နှင့် BASc သင်တန်းအတွက် စုစုပေါင်းရမှတ် (၃၅၀)မှတ်ဖြင့် အောင်မြင်ပြီး စုစုပေါင်း လက်ခံမည့်ဦးရေ၏ (၂၇%)စီကို လက်ခံမည်။

(ဃ) General Certificate of Education Advanced Level (GCE ‘A’ Level)နှင့် International Baccalaureate IB Diploma Programme ဖြင့် အောင်မြင်ရမည်။ စုစုပေါင်း လက်ခံမည့်ဦးရေ၏ (၃%)စီကို DVM သင်တန်းနှင့် BASc သင်တန်းအတွက် လက်ခံမည်။ GCE ‘A’ Level ကို သိပ္ပံဘာသာတွဲအထူးပြုအောင်မြင်သူများအနေဖြင့် တိရစ္ဆာန်ဆေးပညာဘွဲ့အတွက် Biology (Grade A)နှင့် Chemistry (Grade A)နှင့်

Physics (သို့မဟုတ်) Mathematics (Grade A) ရရှိသူများဖြစ်ရမည်ဖြစ်ပြီး မွေးမြူရေးပညာဘွဲ့အတွက် Biology (Grade A)နှင့် Chemistry (Grade A)နှင့် Physics (သို့မဟုတ်) Mathematics (Grade B) ရရှိသူများဖြစ်ရမည်။ IB Diploma Programme အောင်မြင်ပြီးမြောက်သူများအနေဖြင့် တိရစ္ဆာန်ဆေးပညာဘွဲ့အတွက် Biology (HL)၊ Chemistry (HL)နှင့် Physics/ Mathematics (HL) ရရှိပြီး ပျမ်းမျှ 36–38 points နှင့် မွေးမြူရေးပညာဘွဲ့အတွက် Biology (HL)၊ Chemistry (HL)နှင့် Physics/ Mathematics (SL) ရရှိပြီး ပျမ်းမျှ 34–36 points ရရှိသူများဖြစ်ရမည်။ ဝင်ခွင့်လျှောက်ထားသူသည် လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ စိစစ်ပေးပို့လာသော လျှောက်လွှာများကိုသာ လက်ခံဆောင်ရွက်မည်။ ပညာရေးဝန်ကြီးဌာနမှ ပြုလုပ်သည့် မြန်မာစာ၊ မြန်မာ့ပထဝီဝင်၊ မြန်မာ့သမိုင်းဘာသာရပ်များ တတ်မြောက်မှု အကဲဖြတ်စစ်ဆေးခြင်းကို အောင်မြင်ရမည်။

(င) လက်တွေ့လုပ်ငန်းများနှင့် မွေးမြူရေးခြံများ ကွင်းဆင်းခြင်းတွင် ကိုယ်တိုင်ပါဝင်လေ့ကျင့်လုပ်ဆောင်ရမည်ဖြစ်သဖြင့် ကျန်းမာရေးနှင့် ပြည့်စုံသူများ ဖြစ်ရမည်။

(စ) တက္ကသိုလ်မှ ချမှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။

၄။ မွေးမြူရေးအတတ်ပညာကို Grade A ဖြင့် အောင်မြင်သူများနှင့် STEAMS–1 ဘာသာတွဲ အောင်မြင်သူများအနေဖြင့် ပထမနှစ်ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်နှင့် (A4 Size) စာရွက်ဖြင့် ကွန်ပျူတာရိုက်၍ သတ်မှတ်ရက်အတွင်း တိုက်ရိုက် လျှောက်ထားနိုင်သည်။ www.uvs.edu.mm တွင်လည်း ဝင်ခွင့်လျှောက်လွှာပုံစံကို ရယူနိုင်သည်။

၅။ ပထမနှစ်ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲ တင်ပြရမည်–

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်းနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာကို (Grade A ) ဖြင့် အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ခ) အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်သည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲစခန်း (သို့မဟုတ်) ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် (မိတ္တူ)

(င) လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောင်းအပ်သည့်အချိန်တွင် ပေးအပ်ရန်)

၆။ လျှောက်လွှာကို အမှတ်စဉ် (၅)ပါ အထောက်အထားများနှင့်အတူ ၁၅-၁၀-၂၀၂၆ ရက် **(ကြာသပတေးနေ့) နောက်ဆုံးထား**၍ ကိုယ်တိုင်/ကိုယ်စား (သို့မဟုတ်) သင်တန်းရေးရာဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်သို့လိပ်မူ၍ စာတိုက်သေတ္တာ အမှတ် ၁၅၀၅၀၁ (သို့မဟုတ်) email လိပ်စာ stdaffair.uvs@gmail.com သို့ ပေးပို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မမှန်မကန်ဖော်ပြ၍ လျှောက်ထားကြောင်း စစ်ဆေးတွေ့ရှိပါက ရွေးချယ်ခြင်းခံရစေကာမူ ပယ်ဖျက်ခြင်း၊ တက္ကသိုလ်မှ ထုတ်ပယ်ခြင်းခံရမည်။

၇။ အကယ်၍ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၈။ နိုင်ငံတော်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ထောက်ပံ့ကြေးရယူသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် (မဖြစ်မနေ) တာဝန် ထမ်းဆောင်ရမည်။

၉။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန ဖုန်း ၀၆၇-၃၄၁၆၆၅၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်ရရှိသူများစာရင်းကို ကျောင်းဖွင့်ချိန်နှင့်အတူ အချိန်မီအသိပေးကြေညာသွားမည်ဖြစ်ပြီး မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင်လည်း အသိပေးသွားမည်ဖြစ်သည်။

လျှောက်လွှာသတ်မှတ်ပုံစံ

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

## ပထမနှစ်ဝင်ခွင့်လျှောက်လွှာ

## (တိရစ္ဆာန်ဆေးပညာဘွဲ့ / မွေးမြူရေးပညာဘွဲ့ )

**( ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် မွေးမြူရေးအတတ်ပညာကို Grade A ဖြင့် အောင်မြင်သူများနှင့် ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ အတွက်သာ)**

| လိုင်စင် ဓာတ်ပုံ ကပ်ရန် |
|---|

| | ကျောင်းသား/ကျောင်းသူ | အဖ (အရင်း) | အမိ (အရင်း) |
|---|---|---|---|
| ၁။ အမည် | | | |
| ၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | | | |
| ၃။ လူမျိုး | | | |
| ၄။ ကိုးကွယ်သည့်ဘာသာ | | | |
| ၅။ မွေးသက္ကရာဇ်(တက္ကသိုလ်ဝင်/ စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တောင်းခံစဉ်အတိုင်း) | | | |

| | အဖ (အရင်း) | အမိ (အရင်း) |
|---|---|---|
| ၆။ မိဘအလုပ်အကိုင်/ရာထူး/ဌာန | | |
| ၇။ မိဘနေရပ်လိပ်စာ(အပြည့်အစုံ)၊ ဖုန်းနံပါတ် | | |

၈။ ဝင်ခွင့်လျှောက်ထားသူ၏ ……………………………………………………………

ဆက်သွယ်ရန်လိပ်စာ/ ဖုန်းနံပါတ်/ Email ……………………………………………………

၉။ တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် ……………… ခုနှစ် ……………… စာစစ်ဌာန …………………

ရမှတ်ပေါင်း (ဇီဝဘာသာတွဲ/မွေးမြူရေး Grade A) ……………… မြို့နယ် ……………………………

ပြည်နယ်/ တိုင်း ………………………………………………………………………………

၁၀။ တက်ရောက်လိုသည့်သင်တန်း

တိရစ္ဆာန်ဆေးပညာဘွဲ့(၅)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့(၄)နှစ်သင်တန်းစသည်တို့တွင် တက်ရောက်လိုသည့်သင်တန်းကို ဦးစားပေးအလိုက် တိကျမှန်ကန်စွာ ဖြည့်စွက်ရေးသားရန်။

(က) ပထမဦးစားပေး ………………………………………………………………………

(ခ) ဒုတိယဦးစားပေး ………………………………………………………………………

၁၁။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်များသည် မှန်ကန်ပါကြောင်း တာဝန်ယူ ဝန်ခံချက် လက်မှတ်ရေးထိုးပါသည်။

| မိဘ/အုပ်ထိန်းသူလက်မှတ် | ဝင်ခွင့်လျှောက်ထားသူလက်မှတ် |
|---|---|
| လက်မှတ်……………………… | လက်မှတ်……………………… |
| အမည် ……………………… | အမည် ……………………… |
| ရက်စွဲ ……………………… | ရက်စွဲ ……………………… |